


## တရားဦးဟောတော်မူခြင်း

မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့

(လင်္ကာ)

ဘုရားဖြစ်၍၊ မိဂဒါသို့၊

ကြွရွှေဖဝါး၊ ဖြန့်ချီသွား၍

ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊

မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊

ချေညှောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊

ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊

ကြွေကြွေ့လျှံတက်၊ ဓမ္မစက်ကို၊

မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်။

တရားနတ်စည် ရွှမ်းတယ်ကို၊ ။

(စကားပြေ)

ဘုရားဖြစ်တော်မူပြီးသောအခါ ရှင်တော်ဘုရားသည် မိဂဒါဝုန်တောသို့ ခြေလျှင်ကြွသွားတော်မူ၍ ပဉ္စဝဂ္ဂီငါးပါးနှင့် ကြွလာကြသော တိုက်တစ်သောင်းမှ ချဉ်းကပ်ရောက်လာကြသော နတ်ဗြဟ္မာအပေါင်းတို့အား ထိုနှစ် ဝါဆိုလပြည့် စနေနေ့မှာ ဓမ္မစကြာတရားတော်ကို အကျယ်တလည် ဟောကြားတော်မူပါသည်။ ထိုသို့ တရားဦးဟောကြားတော်မူသည်မှာ နတ်တို့၏စည်ကြီးကို တီးခတ်သကဲ့သို့ပင် ဖြစ်ပါသည်။ ။